EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
132 SATHON NUEA ROAD, BANGKOK 10500, THAILAND
Tel:(662) 233 2237, 233 7250, 234 4698, 237 7744, Fax:(662) 236 6898

# ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအား
# အထူးသတိပေးနှိုးဆော်ခြင်း

**၁။** ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တော် လူစည်ကားရာ အချက်အခြာကျသည့် ( လေးမျက်နှာ ) ဧရာဝဏ်ဘုရားအနီး Ratchprasong လမ်းဆုံ၌ ၁၇-၈-၂၀၁၅ ရက်နေ့ ညနေပိုင်းတွင် ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုကြောင့် လူများစွာသေဆုံး၊ ဒဏ်ရာရရှိမှုများဖြစ်ပွားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသား အလုပ်သမားများ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များတွင် အစိုးရအစီအစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာ သင်တန်းတက်ရောက်လျက်ရှိသော အစိုးရဝန်ထမ်းပညာတော်သင်များ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်/ကောလိပ်များတွင် မိမိအစီအစဉ်ဖြင့် ပညာသင်ကြားလျက်ရှိကြသော မြန်မာကျောင်းသားများ၊ ထိုင်းနိုင်ငံသို့ ခေတ္တအလည်အပတ်လာရောက်ကြသော မြန်မာနိုင်ငံသားခရီးသွားများ၊ ထိုင်းနိုင်ငံရှိ ဆေးရုံ/ဆေးခန်းများတွင် ဆေးဝါးကုသရန်နှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများပြုလုပ်ရန် လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အထူးသတိပြုနေထိုင်သွားလာကြပါရန် နှင့် အန္တရာယ်ဖြစ်ပွားရန် စိုးရိမ်ဘွယ်ပစ်မှတ်ထားဆောင်ရွက်နိုင်သည့် နယ်မြေ ( Dangerous Areas ) အဖြစ် ထိုင်းအစိုးရက သတ်မှတ်ထားသည့် အောက်ဖော်ပြပါ နေရာဒေသ (၁၀)ခုသို့ ရှောင်ရှားသတိပြုနိုင်ကြပါရန် အထူးသတိပေးနှိုးဆော်အပ်ပါသည် -

| | | |
|---|---|---|
| (က) | လတ်ချ်ပစုံလမ်းဆုံ | ( Ratchaprasong intersection ) |
| (ခ) | ပထွန်ဝမ်လမ်းဆုံ | ( Pathuwan intersection ) |
| (ဂ) | စီလုံလမ်းဆုံ | ( Silom Road ) |
| (ဃ) | ခေါင်းဆန်လမ်းဆုံ | ( Khao San Road ) |
| (င) | နာရာထိဝတ်လမ်းဆုံ | ( Narathiwat intersection ) |
| (စ) | အနုစာဝရီ | ( Victory Monument ) |
| (ဆ) | တုချိုင်လမ်းဆုံ | ( Tuek Chai intersection ) |
| (ဇ) | ဘိန်ကျစီရီပန်းခြံ | ( Benjasiri Park ) |
| (ဈ) | ထောင်လော်လမ်းသွယ် | ( Soi Thong Lor ) |
| (ည) | စုခွန်ဗစ်လမ်း | ( Sukhumvit Road ) |

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 026 BANGKOK

မြန်မာသံရုံး
ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်